# ACC Against COVID-19




အစီအစဉ် (၁၁၄)

## “ယုံကြည်မှုကိုအခြေခံ၍ အခက်အခဲများကို ဖြတ်ကျော်ခြင်း(True Partnership)”

တင်ပြသူ

ဇေယျာလင်းနောင်(ACC Myanmar)

တစ်ကမ္ဘာလုံးတွင် COVID-19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်နေသည့် နောက်ဆက်တွဲပြဿနာများကို ဖြေရှင်းရာ၌ လူ့အဖွဲ့အစည်းတစ်ခုလုံးအနေဖြင့် တွေ့ကြုံနေရသည့် အခက်အခဲများ၊ အတားအဆီးများကို အမှန်အတိုင်းထုတ်ဖော်ပြောကြားရန် လိုအပ်ပါသည်။ ထိုကဲ့သို့ထုတ်ဖော်ပြောကြားခြင်းဖြင့် မြောက်မြားစွာသော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်မည့် နည်းဗျူဟာသစ်ကို ချမှတ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ အတားအဆီးများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ဦးဆောင်သူများ၊ အဆုံးအဖြတ်ပေးသူများနှင့် ပါဝင်ပတ်သက်သူများ အကြားအပြန်အလှန်ယုံကြည်မှုနှင့် ကတိကဝတ်များထားရှိရန်လည်း လိုအပ်မည် ဖြစ်ပါသည်။
















ယုံကြည်မှုသည် လူမှုဆက်ဆံရေးနယ်ပယ်တွင် အရေးကြီးသည့် Pillar တစ်ခုဖြစ်ပါသည်။ ယုံကြည်မှုဖြင့် အများပြည်သူဆိုင်ရာအဖွဲ့အစည်းများ၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ထိန်းသိမ်းရမည်ဖြစ်ပါသည်။ ပြည်သူ့ဝန်ဆောင်မှုဆိုသည်မှာ အများပြည်သူ၏ ယုံကြည်မှုဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နည်းဥပဒေများနှင့် ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ပုဂ္ဂလိကအကျိုးအမြတ်ထက်ပို၍ သစ္စာရှိရန် လိုအပ်ကြောင်းကို သောမတ်စ်ဂျက်ဖာဆန်က ပြည်သူ့ဝန်ဆောင်မှု၏ အခြေခံနိယာမ ကြေညာချက်တွင် ဖော်ပြထားပါသည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဆိုးကြီးကို ရင်ဆိုင်
ဖြေရှင်းကြရာတွင် လူသားတို့၏ အပြန်အလှန်ကူညီ
ရိုင်းပင်းတတ်သည့် စွမ်းရည်ကို ထုတ်ဖော်ပြသခြင်းဖြင့်
တုံ့ပြန်ဆောင်ရွက်နေကြပါသည်။ လူသားတို့၏ အရေး ကြုံလျှင်
စည်းလုံးညီညွတ်သည့်စိတ်၊ မျှဝေတတ်သည့် စိတ်ဓာတ်၊
အပြန်အလှန် အားပေးကူညီရိုင်းပင်းတတ်သည့်
စိတ်ဓာတ်များဖြင့် အခက်အခဲများကို ကြံ့ကြံ့ခံရင်ဆိုင်
ကျော်လွှားနေကြပါသည်။ ယင်းစိတ်ဓာတ်များသည် ကျွန်ုပ်တို့
ပုံမှန်နေထိုင်မှုဘဝသို့ ပြန်လည်ရောက်ရှိ သွားသည့်တိုင်
ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။













လူသားတို့၏ အခြေခံစိတ်ရင်းဖြစ်သော အပြန်အလှန်ရိုင်းပင်းကူညီတတ်သည့် စိတ်ဓါတ်ကို အကျိုးရှိစွာ အသုံးပြုသည့်အတွက် အချို့စီးပွားရေးကဏ္ဍတွင် အလုပ်ရှင်၊ အလုပ်သမားများနှင့် စားသုံးသူများအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းမှုရှိသည်ကို Ryan W. Buell က သာဓကများဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ၎င်းမှ လုပ်ငန်းရှင်များသည် စားသုံးသူများအတွက် ဝန်ဆောင်မှုပေးခြင်းက True Partnership ဟုခေါ်သည့် စစ်မှန်သည့် စီးပွားဖက်များဖြစ်သွားပြီး စားသုံးသူများမှ ပါဝင်ကူညီလာသည့်အခါ အလုပ်သမားများအနေဖြင့် ပိုမိုထုတ်လုပ်နိုင်စွမ်း ရှိလာပြီး ဝန်ဆောင်မှုပေးခြင်းများ တိုးတက်ကောင်းမွန်လာသကဲ့သို့ ပါဝင်ဆောင်ရွက်သည့် တစ်ယောက်စီတိုင်း တွင်လည်း အတွေ့အကြုံကောင်းများ တိုးမြှင့်ရရှိလာမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဥပမာ - ရုပ်ရှင်ရုံများတွင် ရုပ်ရှင်စတင်ပြသသည့်
အချိန်တွင် ကြည့်ရှုသူများအနေဖြင့် လက်ကိုင်ဖုန်းအသံကို
ပိတ်ထားစေခြင်းဖြင့် ရုပ်ရှင်ပြသနေစဉ်
အနှောင့်အယှက်ဖြစ်စေမည့်အရာများ
ကင်းဝေးစေရန် မည်သူမဆို လိုက်နာရမည် ဖြစ်ကြောင်း၊
လေယာဉ်မဆင်းသက်မီ လေယာဉ်၏ သန့်ရှင်းမှုအတွက်
အမှိုက်များ၊ အသုံးမပြုတော့သည့်
ပစ္စည်းများအား လေယာဉ်လျှောက်လမ်းပေါ်ရှိ
လေယာဉ်အမှုထမ်းထံသို့ပေးရန်
တောင်းဆိုခြင်းများ ဖြစ်သည်။















အဆိုပါ ကိစ္စ(၂)ရပ်လုံး အတွက် စားသုံးသူများ
လုပ်ဆောင်ရမည့် အပိုင်းကို တာဝန်ကျေပွန်စွာ လုပ်ဆောင်
ခဲ့ကြပါသည်။ ထိုကဲ့သို့ စားသုံးသူများ၏ ပူးပေါင်းပါဝင်မှု
ဖြစ်ပေါ်လာခြင်းမှာလည်း ၎င်းတို့ ဝယ်ယူ သုံးစွဲသည့်
ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအပေါ်
အရည်အသွေးပြည့်ဝကြောင်း၊ ဘေးကင်းလုံခြုံမှုရှိကြောင်း
ယုံကြည်သည့်အတွက် ပူးပေါင်းပါဝင်ကြခြင်း ဖြစ်ပါသည်။

ထို့ကြောင့် လူသားတိုင်းအနေဖြင့်-

(၁) လူ့အဖွဲ့အစည်းတစ်ခုလုံး (သို့) တစ်စိတ်တစ်ပိုင်းအတွက် မိမိတို့တတ်နိုင်သည့်ဘက်မှ အကူအညီပေးနိုင်စွမ်းရှိသည်ကို နားလည်လက်ခံရမည်။

(၂) ကူညီနိုင်မည့် နည်းလမ်းများကိုလည်း သိရှိရမည်။

(၃) မိမိတို့၏ အနည်းငယ်မျှသောကူညီပေးမှုသည် လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးအတွက် အထောက်အကူဖြစ်သည်ကို ယုံကြည်မှုရှိရပါမည်။

ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာမိတ်ဖက်များမှလည်း လွယ်ကူအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးနည်းလမ်းများ ချမှတ်ကျင့်သုံးရန်လိုအပ်ပါသည်။ (Ryan W. Buell ၏ ဆောင်းပါးမှ ကိုးကားဖော်ပြပါသည်။)






ယခုအချိန်ကာလသည် လူသားတို့အနေဖြင့်
မိမိတို့ဦးစားပေးလုပ်ကိုင်ရမည့်လုပ်ငန်း၏
တစ်စိတ်တစ်ဒေသကို တာဝန်ယူခြင်းနှင့်
မိမိတို့၏ပူးပေါင်းဆောင်ရွက်မှုပုံစံကို ပြန်လည်
စဉ်းစားစေခြင်းအတွက် အကောင်းဆုံးအချိန်တစ်ခုပင်
ဖြစ်ပေသည်။







အလားတူပင် အများပြည်သူဆိုင်ရာကဏ္ဍတွင်လည်း အစိုးရနှင့်
ပြည်သူအကြား ယုံကြည်မှုတည်ဆောက်၍ အတူတကွ
လက်တွဲဆောင်ရွက်ခြင်းဖြင့် အခက်အခဲများကို ကျော်လွှားနိုင်မည်
ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါကာလအတွင်း မြန်မာနိုင်ငံတွင်
ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် COVID-19 နှင့် ပတ်သက်သည့်
သတင်းအချက်အလက်များအား ပွင့်လင်းမြင်သာစွာ အချိန်နှင့်
တစ်ပြေးညီ ထုတ်ပြန်ခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းအား
သက်ဆိုင်ရာဝန်ထမ်းများအနေဖြင့် ပုဂ္ဂလိကအကျိုးကို ပဓာနမထားဘဲ
စွမ်းစွမ်းတမံဆောင်ရွက်ကြခြင်းကြောင့် ပြည်သူထဲမှ
ပရဟိတအဖွဲ့များ၊ ငွေကြေးတတ်နိုင်သူများမှ လူအား၊ ငွေအားနှင့်
လိုအပ်သည့် အထောက်အပံ့များဖြင့် ဝိုင်းဝန်းပူးပေါင်း
ဆောင်ရွက်နေကြသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။

ငင်းအပြင် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ပြည်သူတို့မှ အသိအမှတ်ပြုပြီး အစိုးရ နှင့် ပြည်သူအကြား ယုံကြည်မှု တည်ဆောက်နိုင်ခဲ့ပါသည်။ အကျိုးရလဒ်အနေဖြင့် အစိုးရမှ ထုတ်ပြန်သည့် COVID-19 ကပ်ရောဂါနှင့် စပ်လျဉ်း၍ ရှောင်ကြဉ်ရမည့်၊ လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများကို စောင့်ထိန်းပေးခြင်းဖြင့် ပြည်သူများမှလည်း ပူးပေါင်း ပါဝင်ခဲ့ကြပါသည်။ ထိုသို့ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် ယနေ့အချိန်တွင် COVID-19 ကူးစက်မှုနှုန်းများ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။










ယခုလို အကျပ်အတည်းကာလတွင် လူသားတိုင်းအတွက်
မိမိတို့၏အရေးကြီးဆုံး ပန်းတိုင်ကဘာလဲ၊ မိမိတို့၏ဘဝအတွက်၊
မိမိတို့၏အဖွဲ့အစည်းအတွက်၊ မိမိတို့၏စီးပွားရေး လုပ်ငန်းများအတွက်၊
မိမိတို့၏နိုင်ငံအတွက် မည်သည့်အရာကို ဦးစားပေးဆောင်ရွက်ပြီး
မည်သည့်အရာများကို လျှော့ချဖြတ်တောက်ပစ်ရမည်ကို
အသေအချာဝေဖန်ဆန်းစစ်ရမည့် အချိန်ကာလပင်ဖြစ်ပေသည်။









မိမိတို့အလိုရှိသည့်အနာဂတ်ကို
မိမိတို့ကိုယ်တိုင်ဖန်တီးနိုင်ရန် ပြည်သူတစ်ဦးချင်း
အနေဖြင့်သော်လည်းကောင်း၊ အလုပ်ရှင်များ၊
အလုပ်သမားများ၊ အစိုးရဌာနများ၊
အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့်သော်လည်းကောင်း
ကောင်းမွန်ဘေးကင်းသောအနာဂတ်ကို
စည်းလုံးညီညွတ်စွာဖြင့် အတူလက်တွဲ
ကြိုးပမ်းကြရမည် ဖြစ်ပါသည်။









ထို့ကြောင့် COVID-19 ကပ်ရောဂါကာလအတွင်း
ပြည်သူများအနေဖြင့် ဘဝရှင်သန်ရပ်တည်ရေးအတွက်
ရုန်းကန်ကြိုးပမ်းကြရာတွင် စည်းမျဉ်း၊ စည်းကမ်း၊
လမ်းညွှန်ချက်များနှင့်အညီ နှာခေါင်းစည်းများ
မဖြစ်မနေတပ်ဆင်ပါ။ အပြင်သို့သွားလာတိုင်း
လက်ဆေးခြင်းတို့ကို အလေးအနက်ထား လိုက်နာဆောင်ရွက်ပါ။
တစ်ဦးနှင့် တစ်ဦး ခပ်ခွါခွါ နေထိုင်ကြပါ။ လူတိုင်းက
အသိသတိရှိစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့်
ပူးပေါင်းတိုက်ဖျက်ကြမည်ဆိုပါက မိမိတို့၏ဘဝများ
လုံခြုံမှုရှိသကဲ့သို့ နိုင်ငံအတွက်လည်း
ဆုံးရှုံးနစ်နာမှုအနည်းဆုံးဖြင့် အောင်မြင်စွာ
ဖြတ်ကျော်နိုင်မည် ဖြစ်ပေသည်။

- Reference

- https://hbswk.hbs.edu/item/how-the-coronavirus-is-already-rewriting-the-future-of-business
- Photo Credit for Original Uploader

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အများပြည်သူဆိုင်ရာဖြောင့်မတ်တည်ကြည်မှု ရှုထောင့်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပညာပေးကဏ္ဍ၏ အထူး အစီအစဉ်အနေနှင့် “ACC Against COVID-19’’ ခေါင်းစဉ်ဖြင့် ACC Facebook Page တွင် နယ်ပယ် အသီးသီးမှ ပညာရှင်များရေးသားထားသော ဆောင်းပါးများကို တင်ပြလျက်ရှိပါကြောင်းနှင့် ဆောင်းပါးပါ အကြောင်းအရာများသည် စာရေးသူများ၏ အာဘော်များသာဖြစ်ပြီး မြန်မာနိုင်ငံအဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ယူဆချက်များ၊ အာဘော်များကို ကိုယ်စားပြုခြင်းမရှိပါကြောင်း ဖော်ပြ အပ်ပါသည်။

A special program “ACC Against COVID-19” is arranged on ACC Facebook Page where articles of eminent persons from various fields are collected and posted as awareness in preventing corruption from the view of public integrity. The opinions in those articles are only of theirs alone and do not necessarily reflect the opinions of ACC Myanmar.